မွေးကင်းစကလေး ဆေးစစ်ခြင်း

# သင့် ကလေး၏ ကျန်းမာရေးအတွက်



NEW YORK STATE | Department of Health

## ကျွန်ုပ်၏ကလေးကို အဘယ်ကြောင့် ဆေးစစ်ရမည်နည်း။

သင့်ကလေး၏ ကျန်းမာရေး ကောင်းနိုင်သမျှ
ကောင်းမွန်ကြောင်း သေချာစေဖို့ ကူညီပေးရန်။
သွေးစစ်ခြင်းသည် သင်နှင့် သင့်ဆရာဝန် သာမန်
အခြေအနေတွင် မသိရှိနိုင်သော သင့်ကလေး
ကျန်းမာရေးအတွက် အရေးကြီးသည့်အချက်အလက်
များကို ထောက်ပံ့ပေးသည်။ မွေးကင်းစကလေး ဆေး
စစ်ခြင်း အစီအစဉ်သည် (Newborn Screening
Program) ကလေးငယ်များတွင် ချက်ချင်းလက္ခဏာ
မပြနိုင်သည့် ကုသ၍ရသော ရှားပါးသည့် ရောဂါများ
ရှိမရှိကို စစ်ဆေးပေးပါသည်။ စောလျင်စွာစစ်ဆေး
တွေ့ရှိခြင်းနှင့် ဆေးကုသမှုခံယူခြင်းဖြင့် သေစေနိုင်
သော ပြင်းထန်သည့်နာမကျန်းမှုကို ကြိုတင်ကာကွယ်
နိုင်သောကြောင့် သင့်ကလေးအား နမူနာစစ်ဆေးခြင်း
နှင့် သင့်ကလေး၏ဆရာဝန်သို့ ဆေးစစ်ချက်ရလဒ်
များ အစီရင်ခံခြင်းသည် ကျွန်ုပ်တို့အတွက် အလွန်
အရေးကြီးပါသည်။ သင့်ကလေး၏ ဆေးစစ်ချက်ရလဒ်
များအား သင့်ကလေး၏ဆရာဝန်ထံမှ တောင်းခံပါ။

## မွေးကင်းစကလေး ဆေးစစ်ခြင်းသည် အစီအစဉ်အသစ်ဖြစ်ပါသလား။

မဟုတ်ပါ။ ပြည်နယ်တိုင်းတွင် မွေးကင်းစကလေး ဆေး
စစ်သည့်အစီအစဉ်တစ်ခုရှိပါသည်။ နယူးယောက်
ပြည်နယ် အစီအစဉ်ကို အများပြည်သူကျန်းမာရေး
ဥပဒေက (Public Health Law) ပြဋ္ဌာန်းခဲ့ပြီး 1965
ခုနှစ်တွင် စတင်ခဲ့ပါသည်။ ကလေးဘဝအစတွင် မွေးဖွား
ပြီး ပထမဆုံးရက်များအတွင်းပင်လျှင် အချို့ရောဂါများ
ဖြစ်ပွားနိုင်ပါသည်။ အချိန်မှန် စစ်ဆေးခြင်းနှင့် ရောဂါ
စစ်တမ်းထုတ်ခြင်းတို့သည် ကုသမှုများအကောင်းဆုံး
ဖြစ်စေရန်အတွက် အလွန်အရေးကြီးပါသည်။

## သင့်ကလေးသည် ရောဂါမည်မျှအတွက် စစ်ဆေးရမည်နည်း။

စစ်ဆေးရမည့် ရောဂါအရေအတွက်မှာ 1965 ခု
နှစ်တွင် တစ်ခုဖြင့် စတင်ခဲ့ပြီး ယနေ့တွင် 45 ခု
ကျော်သည်အထိ တိုးလာခဲ့ပါသည်။ ထိုရောဂါကို
စာအုပ်ငယ်ထဲတွင် စာရင်းပြုစုထားပါသည်။ ထိုရောဂါ
များသည် ရှားပါးရောဂါများဖြစ်သော်လည်း နယူး
ယောက်တွင် နေ့စဉ်မွေးဖွားနေသည့် ကလေး 300
ဦးတွင် ကလေး 1 ဦးသည် ထိုရောဂါတစ်ခုကို တွေ့
ရှိရပါသည်။ ရောဂါအများစုသည် ပြင်းထန်ပြီး သေ
စေနိုင်ပါသည်။ အချို့ရောဂါများကို မတွေ့ရှိပါက၊ ကု
သမှုမပြုလုပ်ပါက ကလေး၏ဖွံ့ဖြိုးတိုးတက်မှုကို နှေး
ကွေးစေပြီး အသိဉာဏ်ပိုင်း ချို့ယွင်းမှုဖြစ်စေနိုင်ခြင်း၊
ရောဂါကူးစက်နိုင်ခြေမြင့်မားခြင်း သို့မဟုတ် အခြား
ပြဿနာများ ဖြစ်ပွားခြင်းတို့ ဖြစ်စေနိုင်ပါသည်။

**ထို့ကြောင့်-**

> **စောလျင်စွာကုသမှု ခံယူခြင်းသည် အလွန် အရေးကြီးပါသည်။**

## သို့သော် ကျွန်ုပ်၏ကလေးက ကျန်းမာရေးအလွန်ကောင်းပုံရပါသည်။ ဤစစ်ဆေးမှုများကို လိုအပ်ပါသလား။

လိုအပ်ပါသည်။ မွေးကင်းစကလေး ဆေးစစ်ခြင်း
အစီအစဉ်ဖြင့် ရောဂါတွေ့ရှိခဲ့သော ကလေးငယ်
အများစုသည် မွေးပြီးပြီးချင်းကျန်းမာရေးကောင်းပုံ
ပေါ်ပြီး ရောဂါလက္ခဏာ မပြကြပါ။ အထူးဓာတ်ခွဲခန်း
ဆေးစစ်ချက်များဖြင့် ကျွန်ုပ်တို့သည် ဤရောဂါ
များရှိနိုင်သည့် ကလေးတစ်ဦးကို ဖော်ထုတ်နိုင်ပြီး
ကလေး၏ဆရာဝန်အား ထပ်မံလိုအပ်သည့် စစ်ဆေး
ချက်များနှင့် အထူးစောင့်ရှောက်မှု လိုအပ်ချက်ကို ပြော
ပြနိုင်ပါသည်။ အများအားဖြင့် သင့်ကလေး ရောဂါ
လက္ခဏာမပြမီ သို့မဟုတ် မဖျားနာမီ အချိန်တွင် ကု
သမှုစတင်ရန် အလွန်အရေးကြီးပါသည်။ ရောဂါ
အများစုသည် မျိုးရိုးဗီဇနှင့်သက်ဆိုင်ပြီး ၎င်းတို့သည်
ကလေး၏မိဘများထံမှ မျိုးရိုးလိုက်ခြင်းဖြစ်သည်။

ကလေးတိုင်းတွင် မျိုးရိုးဗီဇ နှစ်စုံရှိပါသည် - တစ်စုံ
သည် ၎င်း၏မိခင်ထံမှရရှိပြီး နောက်တစ်စုံသည်
၎င်း၏ဖခင်ထံမှ ရရှိပါသည်။ တစ်ခါတစ်ရံတွင် မျိုးရိုး
ဗီဇတစ်စုံတည်းကသာ ပြဿနာတစ်ခုရှိနေပြီး အခြား
တစ်စုံက ပြဿနာမရှိသောကြောင့် ကလေးသည်
ဖျားနာခြင်းမဖြစ်ပါ။ ဤကလေးများကို သယ်ဆောင်
သူများဟု ခေါ်ဆိုပါသည်။ ဤကလေးများသည် ဖျားနာ
ခြင်းမရှိသော်လည်း ၎င်း၏မိဘတစ်ဦး သို့မဟုတ်
မိဘနှစ်ဦးစလုံးသည်လည်း သယ်ဆောင်သူများ ဖြစ်
နေတတ်သည်ဟု ဆိုလိုပါသည်။ မွေးကင်းစကလေး

ဆေးစစ်ခြင်းသည် မျိုးရိုးဗီဇဆိုင်ရာ ရောဂါအချို့ကို သယ်ဆောင်သူများအား တခါတရံ ခွဲခြားဖော်ထုတ်ပေးသည်၊ သို့သော် အစီအစဉ်သည် သယ်ဆောင်သူ **အားလုံး** ကို ရှာဖွေရန် ပြုလုပ်ထားခြင်း မဟုတ်ပါ။ *သယ်ဆောင်သူများဖြစ်နေသော မိဘအများစုသည် ၎င်းကို မသိရှိကြသောကြောင့် သင့်ကလေးသည် သယ်ဆောင်သူတစ်ဦးဟု အဖြေထွက်ပါက မျိုးရိုးဗီဇဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုပြုလုပ်ရန် အရေးကြီးပါသည်။ အတိုင်ပင်ခံများသည် ဤအချက်အလက်များ နားလည်နိုင်စေရန် အကူအညီပေးပါသည်။*

## သို့သော် ကျွန်ုပ်တို့မိသားစုရှိ ကလေးများသည် ဤပြဿနာများထဲမှ မည်သည့်ပြဿနာကိုမျှ မကြုံဖူးပါ။

ကျန်းမာသန်စွမ်းသည့် ကလေးများအား မွေးဖွားထားပြီးဖြစ်သော မိဘများသည် မည်သည့်ပြဿနာကိုမျှ မျှော်လင့်ထားခြင်းမရှိဘဲ ထိုမိဘများသည် အမြဲလိုလိုမှန်ကန်ပါသည်။ သို့သော် သင်၏နောက်ထပ်ကလေးတွင် ဤရောဂါများထဲမှ ရောဂါတစ်ခုခု ဖြစ်နိုင်ခြေရှိနေဆဲ ဖြစ်ပါသည်။ ဤရောဂါတစ်ခုချင်းစီသည် အလွန်ရှားပါးပြီး သင့်ကလေးတွင် ၎င်းတို့ထဲမှ မည်သည့်ရောဂါမှ မရှိခြင်းသည် ဖြစ်နိုင်ခြေအလွန်များသော်လည်း နယူးယောက်တွင် နေ့စဉ်မွေးဖွားသည့် ကလေး 300 ဦးတွင် ကလေး 1 ဦးသည် ရောဂါတစ်ခုခု တွေ့ရှိရပါသည်။ မွေးဖွားသည့် ကလေးတွင် ဆေးစစ်ချက်အရ ရောဂါမတွေ့ရှိရခြင်းသည် နောင်မွေးဖွားမည့်ကလေးတွင်လည်း ရောဂါမရှိပါဟု အာမခံချက်မဟုတ်ပါ။ သင့်မိသားစုတွင် မည်သူ့ထံတွင်မျှ ရောဂါမရှိလျှင်ပင် အချို့ကလေးများနှင့် မိဘများသည် ရောဂါများအားသယ်ဆောင်သူများ ဖြစ်နိုင်ပါသည်။ မိသားစုများစွာသည် ၎င်းတို့၏ အနာဂတ်ကလေးများနှင့် အခြားမိသားစုဝင်များတွင် ဖြစ်လာနိုင်သည့် ဤအန္တရာယ်များကို ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်နိုင်စေရန် မျိုးရိုးဗီဇ တိုင်ပင်ဆွေးနွေးခြင်း ပြုလုပ်ကြပါသည်။ *မွေးကင်းစကလေးများအား ဆေးစစ်ခြင်းသည် ဤမျိုးရိုးဗီဇ ရောဂါများကို သယ်ဆောင်လာသူ ကလေးများအားလုံးကို **ရှာမတွေ့**နိုင်ကြောင်း မှတ်မိရန်လည်း အရေးကြီးပါသည်။* ဆေးစစ်မှုများသည် ထိုမျိုးရိုးဗီဇ ရောဂါများ ရှိနေသူကလေးအများစုကို ရှာဖွေရန် စီမံထားခြင်းဖြစ်သည်။

## ကျွန်ုပ်၏ကလေးကို မည်ကဲ့သို့ ဆေးစစ်ရမည်နည်း။

ဆေးစစ်ခြင်းအားလုံးသည် ကလေး၏ခြေဖနောင့်မှ သွေးနမူနာအနည်းငယ်ယူဆောင်၍ ပြုလုပ်ပါသည်။ ထိုသွေးကို အထူးစက္ကူပေါ် တွင် တင်ရသည်။ ထိုသွေးနမူနာကို မွေးပြီးနောက် 24-36 နာရီအတွင်း ယူပါသည်။ နမူနာများ စစ်ဆေးရန် Albany ရှိ ပြည်နယ်ကျန်းမာရေးဌာန (State Health Department) ဓာတ်ခွဲခန်းသို့ ပို့ဆောင်ပါသည်။

## ကျွန်ုပ်သည် စစ်ဆေးချက်ရလဒ်များ ရမည်လား။

သင့်ကလေးဆရာဝန် သို့မဟုတ် ဆေးခန်း၏ ရုံးအချက်အလက်နှင့် နာမည်ကို ဆေးရုံရှိသူနာပြုအား သေချာပြောပါ။ ဤဆရာဝန်အား ရလဒ်များကို ပြောပြမည်ဖြစ်ပြီး အကြောင်းတစ်စုံတစ်ရာ မှားယွင်းပါကလည်း သင့်အား ချက်ချင်းဆက်သွယ်မည်ဖြစ်သည်။ သင့်ကလေးအား ပထမဦးဆုံး ဆေးစစ်ရန် ဆေးခန်း သို့မဟုတ် ဆရာဝန်ထံသို့ လာရောက်ပါက ရလဒ်ကို သေချာမေးမြန်းပါ။ ဆေးရုံသူနာပြုသည် သင့်ကလေး၏ ဆရာဝန်ထံမှ ဆေးစစ်ချက်ရလဒ်များ မည်ကဲ့သို့ယူဆောင်သိရှိရမည်ကို ဖော်ပြထားမည့် ပန်းရောင်လျှောက်လွှာတစ်ခု ပေးပါမည်။

## စစ်ဆေးချက်များတွင် မရှိပါဟု ဖော်ပြခြင်းသည် သင့်ကလေး ကျန်းမာသည်ဟု ဆိုလိုပါသလား။

မွေးကင်းစကလေး ဆေးစစ်ခြင်းအစီအစဉ်သည် ကလေးတွင်ရှိနိုင်သည့် ရောဂါများအနက်မှ အနည်းငယ်ကိုသာ ရှာဖွေခြင်းဖြစ်သည်။ ထို့အပြင် ထိုရောဂါများရှိနေသော ကလေးအချို့အား အကြောင်းပြချက်အမျိုးမျိုးကြောင့် မဖော်ထုတ်နိုင်ပါ။ သင်သည် သင့်ကလေးအား ဆေးစစ်ချက်အားလုံးပြုလုပ်ရန် ဆရာဝန် သို့မဟုတ် ဆေးရုံသို့ ခေါ် ဆောင်လာသင့်ပါသည်။ သင့်ကလေးတွင် မျှော်လင့်မထားသည့် လက္ခဏာများ သို့မဟုတ် အပြုအမူများ ရှိမရှိ အမြဲစောင့်ကြည့်၍ အခြေအနေမှုမမှန်ပါက ဆရာဝန်အား ချက်ချင်းဖုန်းခေါ် ပါ။

မွေးကင်းစကလေးသည် ရောဂါကင်းစင်နေသည်ဟု ဆေးစစ်ချက်အဖြေထွက်သော်လည်း နောက်ထပ်

မွေးဖွားမည့် ကလေးသည်လည်း ရောဂါရှိမည်မဟုတ်ဟု အာမခံချက်မရှိပါ။ ထို့အတူ မွေးကင်းစကလေးများအား ဆေးစစ်ခြင်းသည် ဤမျိုးရိုးဗီဇ ရောဂါများကို သယ်ဆောင်လာသူ ကလေးများအားလုံးကို ရှာမတွေ့နိုင်ပါ။ မျိုးရိုးဗီဇ ချွတ်ယွင်းမှု တစ်ခုသာရှိသော သယ်ဆောင်သူများသည် ကျန်းမာကြပါသည်။ ကလေးများနှင့် ၎င်း၏မိဘများသည် မိသားစုရောဂါနောက်ကြောင်းတစ်ခုခုမရှိဘဲနှင့် သယ်ဆောင်သူများဖြစ်နိုင်ပါသည်။ မိသားစုများစွာသည် ၎င်းတို့၏အနာဂတ်ကလေးများနှင့် အခြားမိသားစုဝင်များတွင်ဖြစ်လာနိုင်သည့် ဤအန္တရာယ်များကို ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်နိုင်စေရန် မျိုးရိုးဗီဇ တိုင်ပင်ဆွေးနွေးခြင်း ပြုလုပ်ကြပါသည်။

**နယူးယောက်ပြည်နယ်တွင်နေ့စဉ်မွေးဖွားနေသည့်ကလေး 300 ဦးတွင် 1 ဦးသည်ဆေးစစ်၍တွေ့နိုင်သော ရောဂါတစ်ခုခုရှိနေတတ်ပါသည်။**

## “ဆေးစစ်မှု ထပ်မံပြုလုပ်ခြင်းသည်” ကျွန်ုပ်၏ကလေးတွင် ရောဂါတစ်ခုရှိနိုင်သည်ဟု ဆိုလိုပါသလား။

မဆိုလိုပါ။ ဆေးစစ်မှုထပ်မံပြုလုပ်ခြင်းကို အကြောင်းအရင်းအမျိုးမျိုးကြောင့် လိုအပ်နိုင်ပါသည်။ အဖြစ်အများဆုံး အကြောင်းအရင်းမှာ သွေးနမူနာကို အထူးစက္ကူပေါ်တွင် မှားယွင်းစွာ တင်မိခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် သင့်ကလေးတွင် အမှားအယွင်းဖြစ်နေသည်ဟု များသောအားဖြင့် မဆိုလိုပါ။ အခြားသွေးနမူနာကို တတ်နိုင်သမျှ ချက်ချင်းယူရမည်ဟုသာ ဆိုလိုပါသည်။

ပထမဆုံးဆေးစစ်ချက်ရလဒ်များသည် ပြဿနာတစ်ခုဖြစ်နေသည်ဟု အကြံပြုပါက နောက်ထပ်ဆေးစစ်ချက်မပြုလုပ်မီ ထိုရလဒ်များအား နောက်ဆုံးရလဒ်ဖြစ်သည်ဟု စဉ်းစားမည်မဟုတ်ပါ။ ထို့ကြောင့် သွေးနမူနာအသစ်တစ်ခု လိုအပ်ပါသည်။ ယေဘုယျအားဖြင့် သင့်ကလေး၏ဒုတိယဆေးစစ်ချက်သည်လည်း ပုံမှန်ဖြစ်မနေမှသာ ဆရာဝန်တစ်ဦးက နောက်ထပ်ရောဂါရှာဖွေ ဆေးစစ်ရန် လိုအပ်ကြောင်း ဆွေးနွေးမည်ဖြစ်သည်။ အလွန်ရှားပါးသည့်ဖြစ်ရပ်များတွင် ကလေးသည် ရောဂါတစ်ခုခုကြောင့် လျင်မြန်စွာ ဖျားနာနေပါက ဒုတိယမြောက်ဆေးစစ်ချက်များ၏ ရလဒ်ကို စောင့်ဆိုင်းနေစဉ်ဆရာဝန်က ကလေးအား ကုသမှု ချက်ချင်းပြုလုပ်မည်ဖြစ်သည်။ သင့်ကလေးအား ပြန်လည်ဆေးစစ်မှုပြုလုပ်ရန် တောင်းဆိုခံရပါက ကုသမှုများ ပြုလုပ်ရန်လိုအပ်ခြင်းရှိမရှိ ဆုံးဖြတ်နိုင်ရန်အတွက် သင့်ကလေးအား အမြန်ဆုံးခေါ်ဆောင်ပြီး ထပ်မံစစ်ဆေးမှုကို ချက်ချင်းပြုလုပ်ပါ။

## ကျွန်ုပ်၏ကလေးသည် ဤရောဂါများထဲမှတစ်ခု ရှိနေပါက ဘာဖြစ်မလဲ။

စစ်ဆေးတွေ့ရှိနိုင်သော ရောဂါများအားလုံးတွင် ကုသမှုများရှိပြီး ရောဂါ၏အကျိုးသက်ရောက်မှုများအားနည်းပါးစေပါသည်။

အထူးအစားအသောက် သို့မဟုတ် အခြားဆေးဝါးကုသမှုကို စောလျင်စွာပြုလုပ်ပါက အချို့ရောဂါလက္ခဏာများအား လုံးဝကြိုတင်ကာကွယ်နိုင်ပါသည်။ ဤရောဂါအများစုသည် ကုသရန်အလွန်ရှုပ်ထွေးပြီး ရောဂါတစ်ခုခုအား အထူးပြုကုသပေးသည့် ဆရာဝန်နှင့် ဆေးကုသစောင့်ရှောက်ခြင်းကို ညှိနှိုင်းသင့်ပါသည်။

## ကျွန်ုပ်၏ မွေးကင်းစကလေးတွင် ရောဂါတစ်ခုရှိပါက နောက်ထပ်မွေးလာမည့်ကလေးတွင်လည်း ရောဂါရှိလိမ့်မည်လား။

ရောဂါပေါ်တွင် မူတည်ပါသည်။ ထိုရောဂါအများစုသည် မျိုးရိုးဗီဇနှင့်သက်ဆိုင်ပြီး မိဘများထံမှ ကလေးများက အမွေရရှိကြပါသည်။ မွေးကင်းစကလေးသည် ရောဂါကင်းစင်နေသည်ဟု ဆေးစစ်ချက်အဖြေထွက်သော်လည်း နောက်ထပ်မွေးဖွားမည့် ကလေး

သည်လည်း ရောဂါရှိမည်မဟုတ်ဟု အာမခံချက်မရှိပါ။ ထို့အတူ မွေးကင်းစကလေးများအား ဆေးစစ်ခြင်းသည် ဤမျိုးရိုးဗီဇ ရောဂါများကို သယ်ဆောင်လာသူ ကလေးများအားလုံးကို **ရှာမတွေ့**နိုင်ပါ။ မျိုးရိုးဗီဇ ချွတ်ယွင်းမှု တစ်ခုသာရှိသော သယ်ဆောင်သူများသည် ကျန်းမာကြပါသည်။ ကလေးများနှင့် ၎င်း၏မိဘများသည် မိသားစုရောဂါနောက်ကြောင်း တစ်ခုခုမရှိဘဲနှင့် သယ်ဆောင်သူများ ဖြစ်နိုင်ပါသည်။ မိသားစုများစွာသည် ၎င်းတို့၏ကလေး ရောဂါဖြစ်ပွားပုံအကြောင်းနှင့်၊ အနာဂတ်ကလေးများနှင့် အခြားမိသားစုဝင်များတွင် ဖြစ်လာနိုင်သည့် ဤအန္တရာယ်များအကြောင်း ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်စေရန် မျိုးရိုးဗီဇ အတိုင်ပင်ခံခြင်း ပြုလုပ်ကြပါသည်။ အချို့ရောဂါများသည် မျိုးရိုးလိုက်ခြင်းမဟုတ်ပါ။ ဥပမာ- HIV သည် မျိုးရိုးဗီဇချွတ်ယွင်းမှုကြောင့် မဟုတ်ဘဲ ဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားခြင်း ဖြစ်သော်လည်း ဝမ်းတွင်းသိုင်းရွိုက်ဟော်မုန်း ချို့တဲ့ခြင်းသည် အကြောင်းရင်းများစွာရှိနေပါသည်။

## ကျွန်ုပ်၏ကလေးသည် အဘယ်ကြောင့် HIV စစ်ဆေးရမည်နည်း။

ကျွန်ုပ်တို့သည် ကလေး၏ HIV ပဋိပစ္စည်းများကို စစ်ဆေးပါသည်။ ပဋိပစ္စည်းရှိသည်ဟု အဖြေထွက်ပါက မိခင်သည် ရောဂါပိုးရှိနေသည်ဟု ဆိုလိုပြီး ကျွန်ုပ်တို့သည် ကလေးတွင် ရောဂါပိုးကူးစက်မှု မရှိကြောင်း သေချာအောင် ပြုလုပ်လိုပါသည်။ HIV သည် မီးမဖွားမီအချိန်၊ မွေးဖွားစဉ် သို့မဟုတ် နို့တိုက်ကျွေးစဉ်အတွင်း မိခင်မှ ကလေးသို့ ကူးစက်နိုင်ပါသည်။ NYS တွင် ကိုယ်ဝန်ဆောင်အမျိုးသမီးအများစုသည် ကလေးမမွေးမီ HIV စစ်ဆေးကြပါသည်။ ပုံမှန်အားဖြင့် မိခင်သည် ကလေးအား HIV ကူးစက်ခြင်းအား ကာကွယ်ရန်အတွက် ကိုယ်ဝန်ဆောင်စဉ်နှင့် မီးဖွားစဉ်အချိန်တွင် ဆေးဝါးသောက်သုံးသင့်ပါသည်။

## ဤဆေးစစ်ခြင်းများအတွက် ကုန်ကျစရိတ် မည်မျှရှိမည်နည်း။

မရှိပါ။ ဤဆေးစစ်မှုများသည် မိသားစုများအတွက် ကုန်ကျစရိတ်မရှိပါ။

## ကျွန်ုပ်၏ကလေးအား ဆရာဝန်က ကူညီရာတွင် ပိုမိုလွယ်ကူစေရန် မည်သို့ပြုလုပ်ရမည်နည်း။

ပထမဦးစွာ သင့်ကလေးကို မွေးဖွားပေးသည့် ဆေးရုံရှိ သူနာပြုအား ဆရာဝန်အမည်ကို ပြောပြပါက ကျွန်ုပ်တို့က ထိုဆရာဝန်ထံသို့ လိုအပ်လျှင် ဆက်သွယ်နိုင်ပါသည်။ ဆရာဝန်ပြောင်းပါက ကျွန်ုပ်တို့ထံသို့ အီးမေးလ်ပို့ ခြင်း သို့မဟုတ် ဖုန်းဖြင့်ဆက်သွယ်ခြင်းဖြင့် အသိပေးပါ၊ (ဤစာအုပ်ငယ်၏ ကျောဘက်ကို ကြည့်ပါ)။ သင့်ဆရာဝန်သည် သင့်ကလေးအား ပြန်လည်စစ်ဆေးမှုပြုလုပ်ရန်အတွက် ခေါ်ဆောင်လာရန် တောင်းဆိုပါက တတ်နိုင်သမျှ အမြန်ဆုံးဆောင်ရွက်ပါ။ သင့်ကလေးသည် ရောဂါ တစ်ခု ***ရှိ*** နေပါက အမြန်ဆုံးဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်။

သင့်တွင် တယ်လီဖုန်းမရှိပါက သင့်ကို ချက်ချင်း ဆက်သွယ်ပေးနိုင်သည့် အခြားသူတစ်ဦး၏ဖုန်းနံပါတ်ကို သင့်ဆရာဝန်အား ပေးပါ။ သင်သည် ကလေးမွေးပြီးပြီးချင်း အိမ်ပြောင်းရပါက သင့်လိပ်စာအသစ်နှင့် ဖုန်းနံပါတ်ကို သင့်ဆရာဝန်အား ချက်ချင်းပြောပါ။ ထိုမှသာ သင့်ဆရာဝန်သည် သင့်ကလေးအတွက် ဆေးစစ်ချက်များ သို့မဟုတ် ကုသမှုများ နောက်ထပ်လိုအပ်ပါက သင့်အား ဆက်သွယ်နိုင်ပါလိမ့်မည်။

***အချိန်သည် အလွန်အရေးကြီးကြောင်း သတိရပါ။*** မိဘတစ်ဦးအနေဖြင့် သင့်ကလေး အတတ်နိုင်ဆုံး ကျန်းမာစေရေးအတွက် မွေးကင်းစကလေး ဆေးစစ်ခြင်းအစီအစဉ်ကို သင့်ဆရာဝန်က သင့်အား မည်သို့ဆက်သွယ်ရမည်ဖြစ်ကြောင်း သိရှိစေခြင်းဖြင့် ကူညီနိုင်ပါသည်။

***မျက်ခြည်မပြတ် သိရှိနေပါစေ-သင်၏မွေးကင်းစကလေး ဆေးစစ်ချက်ရလဒ်များအား ကလေး၏ဆရာဝန်ထံမှ ရယူပါ။***

**မွေးကင်းစကလေး ဆေးစစ်ခြင်းဆိုင်ရာ အချက်အလက်များ ထပ်မံသိရှိလိုပါက ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက်ကို ကြည့်ရှုပါ။**

# နယူးယောက်ပြည်နယ် မွေးကင်းစကလေး ဆေးစစ်ခြင်း အစီအစဉ်မှ ခွဲခြားဖော်ထုတ်နိုင်သော ရောဂါများ

| အုပ်စု | | ရောဂါများ |
|---|---|---|
| ကိုယ်တွင်းအင်္ဂါများအတွင်းရှိ ဟော်မုန်းကို လေ့လာခြင်း | | မွေးရာပါ စတီးရွိုက်မညီမျှခြင်း (Congenital adrenal hyperplasia, CAH) |
| | | မွေးရာပါ သိုင်းရွိုက်ဟော်မုန်းရောဂါ (Congenital hypothyroidism, CH) |
| သွေးပညာ၊ သွေးဖြူဥ သွေးနီဥများ မှုမမှန်ခြင်း | | Hb SS ရောဂါ (Sickle cell သွေးအားနည်းရောဂါ) |
| | | Hb SC ရောဂါ |
| | | Hb CC ရောဂါ |
| | | အခြားသွေးဖြူဥ သွေးနီဥ မူမမှန်မှုများ |
| ကူးစက်စေနိုင်သောရောဂါ | | HIV ထိတွေ့မှု |
| အင်ဇိုင်းများ မမှန်ခြင်းကြောင့် မွေးရာပါဇီဝဖြစ်စဉ်ချို့ယွင်းမှုများ | အမိုင်နိုအက်ဆစ် ရောဂါများ | ဆီးတွင်း ဟိုမိုဆိုင်စတင်း စွန့်ပစ်မှုများခြင်းကြောင့် အမိုင်နိုအက်ဆစ်ဓာတ် မညီမျှခြင်း (Homocystinuria, HCY) |
| | | သွေးအတွင်း အမိုင်နိုနှင့် မီသိုင်ရင်းပါဝင်မှုမညီမျှခြင်း (Hypermethioninemia, HMET) |
| | | Maple syrup ဆီးရောဂါ (Maple syrup urine disease, MSUD) |
| | | ဖန်နယ်ကီတွန်ရီးယား (Phenylketonuria, PKU) နှင့် အမိုင်နိုအက်ဆစ်ဓာတ် မညီမျှခြင်း (Hyperphenylalaninemia, HyperPhe) |
| | | အမိုင်နိုအက်ဆစ် အချိုးမညီစွာပျက်စီးခြင်း (Tyrosinemia, TYR-I, TYR-II, TYR-III) |
| | ဖက်တီးအက်ဆစ် ဓာတ်တိုးခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရောဂါများ | ခန္ဓာကိုယ်မှ ဖက်တီးအက်ဆစ်ပြောင်းလဲခြင်း မှုမမှန်သည့်ရောဂါ (Carnitine-acylcarnitine translocase deficiency, CAT) |
| | | ဖက်တီးအက်ဆစ်ရေရှည်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ကာတီနိုင်း ပါမီတွိုင်းထရမ်ဖရေ့ မှုမမှန်ခြင်း (Carnitine palmitoyltransferase I, CPT-I) နှင့် II (CPT-II) |
| | | ခန္ဓာကိုယ်မှ ကာတီနိုတ်ဓါတ် လုံလောက်စွာ မသယ်ဆောင်ထားနိုင်ခြင်း (Carnitine uptake defect, CUD) |
| | | ဖက်တီးအက်ဆစ် ဓာတ်တိုးမှုလျော့နည်းခြင်းကြောင့် ဖြစ်ပေါ်လာသော မွေးရာပါ ဇီဝကမ္မဖြစ်စဉ် ချို့ယွင်းချက် (2,4-Dienoyl-CoA reductase deficiency, 2,4Di) |
| | | အဆီဓာတ်မှ စွမ်းအင်ပြောင်းလဲခြင်းကို ခန္ဓာကိုယ်မှ တားဆီးသည့်အခြေအနေရှိနေခြင်း (Long-chain 3-hydroxyacyl-CoA dehydrogenase deficiency, LCHAD) |
| | | ဖက်တီးအက်ဆစ်မှ စွမ်းအင်သို့ အလယ်အလတ်ပြောင်းလဲပေးရန် မစွမ်းဆောင်နိုင်ခြင်း (Medium-chain acyl-CoA dehydrogenase deficiency, MCAD) |
| | | အဆီများခြေဖျက်ပြီး စွမ်းအင်သို့ပြောင်းလဲရာတွင် ခန္ဓာကိုယ်အား တားဆီးသည့်အခြေအနေရှိခြင်း (Medium-chain ketoacyl-CoA thiolase deficiency, MCKAT) |
| | | ဇီဝကမ္မဖြစ်စဉ် အင်ဇိုင်းများအတွက်လိုအပ်သော ဖက်တီးအက်ဆစ်များ/မွေးကင်းစကလေး အစာခြေဖျက်မှုကို စီမံခန့်ခွဲခြင်း (Medium/short-chain hydroxyacyl-CoA dehydrogenase deficiency, M/SCHAD) |
| | | အဆီမှစွမ်းအင်သို့ပြောင်းလဲရာတွင် ခန္ဓာကိုယ်အား ဟန့်တားနေသည့် ဖက်တီးအက်ဆစ်ဓာတ်ပြုမှု မှုမမှန်သည့် ဥပ်နေသော ဗီဇလက္ခဏာ (Mitochondrial trifunctional protein deficiency, TFP) |
| | | အဆီများခြေဖျက်ပြီး စွမ်းအင်သို့ပြောင်းလဲရာတွင် ခန္ဓာကိုယ်အား တားဆီးပြီး မှုမမှန်သည့် လက်ဆင့်ကမ်းရရှိသည့်ရောဂါ အမျိုးအစား II (Multiple acyl-CoA dehydrogenase deficiency, MADD; Glutaric acidemia type II, GA-II) |
| | | အစာမရှိသည့်အချိန်တွင် အဆီများခြေဖျက်ပြီး စွမ်းအင်သို့ပြောင်းလဲရာတွင် ခန္ဓာကိုယ်အား တားဆီးသည့် အခြေအနေရှိခြင်း (Short-chain acyl-CoA dehydrogenase deficiency, SCAD) |
| | | အစာမရှိသည့်အချိန်တွင် အဆီများခြေဖျက်ပြီး စွမ်းအင်သို့ပြောင်းလဲရာတွင် ခန္ဓာကိုယ်အား တားဆီးသည့် ဖက်တီးအက်ဆစ်ဇီဝကမ္မဖြစ်စဉ် မှုမမှန်ခြင်း (Very long-chain acyl-CoA dehydrogenase deficiency, VLCAD) |

| အုပ်စု | | ရောဂါများ |
|---|---|---|
| အင်ဇိုင်းများ မူမမှန်မှုကြောင့် မွေးရာပါဇီဝဖြစ်စဉ်ချွတ်ယွင်းမှုများ | ခန္ဓာကိုယ်အင်္ဂါ မှထုတ်လွှတ်သည့် အက်ဆစ်နှင့်သက်ဆိုင်သည့် ရောဂါများ | အာရုံကြောဇီဝကမ္မဖြစ်စဉ်မူမမှန်ခြင်း အမျိုးအစား I (Glutaric acidemia type I, GA-I) |
| | | 3-Hydroxy-3-methylglutaryl-ခန္ဓာကိုယ်မှ အမိုင်နိုအက်ဆစ်ကို ကောင်းမွန်စွာမရရှိနိုင်သော မူမမှန်သည့်အခြေအနေ (3-Hydroxy-3-methylglutaryl-CoA lyase deficiency, HMG) |
| | | သတ်မှတ်ထားသည့် ပရိုတင်းဓာတ်များခြေဖျက်မှုကို အနှောင့်အယှက်ပေးသည့် အခြေအနေ (Isobutyryl-CoA dehydrogenase deficiency, IBCD) |
| | | သာမန်အမိုင်နိုအက်ဆစ်ဇီဝကမ္မဖြစ်စဉ်ကို အဟန့်အတားဖြစ်စေသော ငုပ်နေသည့်ဗီဇလက္ခဏာ (Isovaleric acidemia, IVA) |
| | | သွေးတွင်းတွင် မယ်လိုနစ်အက်ဆစ်လှည့်ပတ်မှုရှိခြင်း (Malonic acidemia, MA) |
| | | ရှားပါးဇီဝကမ္မ မူမမှန်သည့်ဖြစ်စဉ် (2-Methylbutyryl-CoA dehydrogenase deficiency, 2-MBCD) |
| | | ခန္ဓာကိုယ်မှ ပရိုတင်းဓာတ်လုံလောက်စွာမရသည့် မူမမှန်သည့်ဖြစ်စဉ် (3-Methylcrotonyl-CoA carboxylase deficiency, 3-MCC) |
| | | ခန္ဓာကိုယ်မှ စွမ်းအင်ထုတ်လုပ်နိုင်မှု မူမမှန်ခြင်း (3-Methylglutaconic acidemia, 3-MGA) |
| | | 2-မီသိန်းဓာတ်-3-ဟိုက်ဒရိုဆီဓာတ်-CoA dehydrogenase ချို့တဲ့ခြင်း (2-Methyl-3-hydroxybutyryl-CoA dehydrogenase deficiency, MHBD) |
| | | Methylmalonyl-CoA mutase ချို့တဲ့ခြင်း (Methylmalonyl-CoA mutase deficiency, MUT), Cobalamin A,B (Cbl A,B) နှင့် Cobalamin C,D (Cbl C,D) cofactor ချို့တဲ့ခြင်းနှင့် အခြား Methylmalonic acidemias (MMA) |
| | | Mitochondrial acetoacetyl-CoA thiolase ချို့တဲ့ခြင်း (Beta-ketothiolase deficiency, BKT) |
| | | ကာဗွန်စီလိတ်စ်အင်ဇိုင်း အမျိုးမျိုး ချို့တဲ့ခြင်း (Multiple carboxylase deficiency, MCD) |
| | | အမိုင်နိုအက်ဆစ်နှင့် အဆီဓာတ်မှ သကြားဓာတ်သို့ ပြောင်းလဲသည့်ဖြစ်စဉ်တွင် အလုပ်မလုပ်သော ပရိုပီရောနစ်အက်ဆစ်ပါဝင်ခြင်း (Propionic acidemia, PA) |
| | ဆီးလမ်းကြောင်း လည်ပတ်ခြင်းနှင့် သက်ဆိုင်သည့် ရောဂါများ | Argininemia (ARG) |
| | | သွေးနှင့် ဆီးလမ်းကြောင်း အမိုင်နိုအက်ဆစ် မညီမျှခြင်း (Argininosuccinic acidemia, ASA) |
| | | သွေးတွင်းအမိုးနီးယားပါရှိခြင်းကြောင့် ဆီးလမ်းကြောင်း ကစဉ့်ကလျားဖြစ်ခြင်း (Citrullinemia, CIT) |
| အခြားမျိုးရိုးဗီဇနှင့် သက်ဆိုင်သည့် ရောဂါများ | | Adrenoleukodystrophy (X-linked) |
| | | ဘိုင်အိုတင် လျော့နည်းခြင်း (Biotinidase deficiency, BIOT) |
| | | အဆုတ်၊ ပန်ကရိယ၊ အသည်း၊ ကျောက်ကပ်၊ အူသိမ်တို့နှင့် ပတ်သက်သည့် မျိုးရိုးဗီဇမညီမျှခြင်း (Cystic Fibrosis, CF) |
| | | အစာခြေဖျက်ရန် ကာဗွန်နိတ်မညီမျှခြင်း (Galactosemia, GALT) |
| | | အာရုံကြောနှင့် ကြွက်သားလျော့နည်းသည့်ရောဂါ (Guanidinoacetate methyltransferase deficiency, GAMT) |
| | | Krabbe ရောဂါ |
| | | လိုင်ဆိုမယ်သိုလှောင်ထားသည့် ရောဂါလက္ခဏာအမျိုးအစား I (Mucopolysaccharidosis type I, MPS I) |
| | | ခန္ဓာကိုယ်တွင်း သကြားဓာတ်မညီမျှသည့်ရောဂါ |
| | | ခုခံအားစနစ်ကျဆင်းသည့် ပြင်းထန်ရောဂါ (Severe Combined Immunodeficiency Disease, SCID) |
| | | ကျောရိုးတွင်း ကြွက်သားမညီမျှခြင်း (Spinal muscular atrophy, SMA) |

နယူးယောက်ပြည်နယ် မွေးကင်းစကလေး ဆေးစစ်ခြင်းအစီအစဉ်နှင့် ရောဂါများအကြောင်း နောက်ထပ်အချက်အလက်များအတွက် ကျွန်ုပ်တို့၏ **www.wadsworth.org/programs/newborn** ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်

နယူးယောက်ပြည်နယ် မွေးကင်းစကလေး ဆေးစစ်ခြင်းအစီအစဉ်သည် မွေးကင်းစကလေး မွေးဖွားသည့် အိမ်ထောင်စုများအား ပြည်နယ်ကျန်းမာရေးဌာနမှ ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုတစ်ခုဖြစ်သည်။

အရေးကြီးသည့်အချက်- မွေးကင်းစကလေး ဆေးစစ်ခြင်းနှင့်ပတ်သက်သည့် မေးခွန်းများ ရှိပါသလား။ သင့်ကလေး ဆရာဝန်၏အချက်အလက်များအား ကျွန်ုပ်တို့ထံ အသိပေးရန်လိုအပ်ပါသလား။ စာရေးပါ၊ ဖုန်းခေါ်ပါ၊ သို့မဟုတ် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုပါ-

Newborn Screening Program
Wadsworth Center
New York State Department of Health
P.O. Box 22002
Albany NY 12201-2002

Email: nbsinfo@health.ny.gov

www.wadsworth.org/programs/newborn

*လေးစားရပါသော မိဘများ၊*

*သင့်ကလေး၏ နမူနာ(များ)အား မွေးကင်းစကလေးစစ်ဆေးခြင်း ပရိုဂရမ်မှ စိတ်ချရသည့်အခြေအနေများတွင် 10 နှစ်ကြာအထိ ထိန်းသိမ်းထားမည်ဖြစ်ပြီး ဝင်ရောက်ခွင့်ကို တင်းကျပ်စွာထိန်းချုပ်ထားပါမည်။ လိုအပ်ချက်ရှိလာပါက နမူနာ(များ)ကို သင့်သဘောတူညီမှုဖြင့် သင့်ကလေးအား ရောဂါရှာဖွေစိစစ်မှု ပြုလုပ်ရာတွင် အသုံးပြုနိုင်ကောင်း အသုံးပြုနိုင်ပါသည်။ နမူနာအစိတ်အပိုင်းအချို့ကို သင့်ကလေးဟု ခွဲခြားသိမြင်နိုင်သော အချက်အလက်အားလုံးကို ဖယ်ထုတ်၍ တည်ဆဲဥပဒေများ၊ ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက်များနှင့် ကိုက်ညီမှုကို ကြီးကြပ်ကွပ်ကဲသော ဘုတ်အဖွဲ့က စိစစ်သုံးသပ်ပြီး ခွင့်ပြုထားသည့် ပြည်သူ့ကျန်းမာရေးသုတေသနအတွက် အသုံးပြုကောင်းပြုနိုင်ပါသည်။ သင့်ကလေး၏နမူနာ(များ)အား ဖျက်ဆီးလိုပါက သို့မဟုတ် ပြည်သူ့ကျန်းမာရေးသုတေသနဌာန၏ အသုံးပြုခြင်းအား ကာကွယ်တားဆီးလိုပါက ညွှန်ကြားချက်များအတွက် (518) 473-7552 သို့ ဖုန်းခေါ်၍ စီစဉ်နိုင်ပါသည်။ နောက်ထပ်သိရှိလိုသောအချက်အလက်များ သိရှိရန် သို့မဟုတ် သင်၏ စာဖြင့်ရေးသားတောင်းဆိုချက်အား လက်ခံဆောင်ရွက်ပေးရန်အတွက် ကျွန်ုပ်တို့လိုအပ်သော လျှောက်လွှာမိတ္တူတစ်ခုအား ဒေါင်းလုဒ်လုပ်ရန် ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ပါ။ မှတ်ချက်- တောင်းဆိုပါက ကျွန်ုပ်တို့သည် နမူနာများအားလုံးကို ဖျက်ဆီးပါမည်။ ကျွန်ုပ်တို့သည် သင် ကလေးမွေးဖွားပြီး 8 ပတ် မပြည့်မီအထိ ၎င်းကို မပြုလုပ်နိုင်ပါ။*

NEW YORK STATE | Department of Health